“နိုင်ငံခြားသားယူနန်ပြည်နယ်တွင်ရှိခြင်း”

ကော်လုံစီယူနန်တွင် တရုတ်နိုင်ငံနှင့်မကုန်ဆုံးနိုင်သောရေစက်ကို ဆက်လက်ဖြစ်ပေါ်နေခြင်း

မတ်လတွင် ကျောင်းဖွင့်ချိန်တန်လေပြီ။ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ်တွင် နွေဦးသစ်စသာယာကြည်နူးလှပါသည်။ ချယ်ရီပန်းများဖူးပွင့်နေလျက်ရှိသည်။ နေရာအနှံ့တွင် လူအများပြေးလွှားလှုပ်ရှားနေသော ပုံရိပ်များကို မြင်တွေ့နိုင်သည်။ စာသင်ခန်းတစ်ခန်းတွင်ကမ္ဘောဒီးယားနိုင်ငံမှ ဧည့်ပါမောက္ခ ကော်လုံစီသည် တရုတ်ကျောင်းသားကျောင်းသူများအား ကမ္ဘောဒီးယားဘာသာစကားသင်ကြားပေးနေသည်။ ကျောင်းသားကျောင်းသူများက အထူးအာရုံစိုက်လေ့လာသင်ယူနေကြသည်။

ကော်လုံစီသည် ကမ္ဘောဒီးယားနိုင်ငံ ဖန္တမ်းပင်တော်ဝင်တက္ကသိုလ်မှ ရောက်ရှိလာသူဖြစ်သည်။

“ဆရာအဖြစ် တာဝန်ယူသင်ကြားသည့် ပထမဆုံးနေ့ကတည်းက ကျွန်တော်သည် တရုတ်နိုင်ငံ ယူနန်၊ ကွမ်စီ၊ ပေကျင်းမှ ကျောင်းတက်ပညာသင်ကြားသော ကျောင်းသားကျောင်းသူများနှင့် ရေစက်ဆုံခဲ့သည်။ ယခုကျွန်တော်သည်ယူနန်ပြည်နယ်တွင် တရုတ်နိုင်ငံနှင့်မကုန်ဆုံးသော ရေစက်ကို ဆက်လက်ဖြစ်နေသည်။” ကော်လုံစီ၏စကားထဲတွင် ယဉ်ကျေးသိမ်မွေ့စွာပြောဆိုလိုက်သည်။

ထို့နောက်သူသည် ဖန္တမ်းပင်တော်ဝင်တက္ကသိုလ်ကို မိတ်ဆက်ပေးသည်။ သူကဖော်ပြသည်မှာ အဆိုပါတက္ကသိုလ်၏ အဆောက်အဦးများသည် အန်ကောဝပ်ခေတ်အချိန်အခါက ရှေးပုံစံအတိုင်းတုပတည်ဆောက်ထားသည်။ ကျောင်းပရဝုဏ်မကျယ်ဝန်းသော်လည်း သစ်ပင်များစွာဖြင့် စိမ်းလန်းလျက်ရှိသည်။ ရှုခင်းလည်း အလွန်သာယာလှပသည်။ ဒီဇိုင်းထူးခြားသော ဟုန်စိန်စာကြည့်တိုက်ထဲတွင် ပညာလိုလားသောကမ္ဘောဒီးယား ကျောင်းသားကျောင်းသူများသည် စာကြည့်တိုက်ပိတ်ချိန်ကို အမြဲမေ့နေတတ်သည်။

“ယူနန်သို့မရောက်လာသေးမီအချိန်က တရုတ်နိုင်ငံမှ ရောက်ရှိလာသော ကျောင်းသားကျောင်းသူများက ယူနန်ပြည်နယ်ကူမင်းမြို့သည် တစ်နှစ်ပတ်လုံးသာယာကောင်းမွန်သော ရာသီရှိကြောင်းမိတ်ဆက်ပေးဖူးသည်။ ထို့အပြင် ယူနန်အနောက်ပိုင်းရှိ တာ့လီတွင် ချမ်စန်တောင်နှင့် အော်ဟိုင်ကန်တည်ရှိသည်။ လီကျမ်းတွင် တောင်နှစ်တောင်၊ မြို့တစ်မြို့၊ အင်းအိုင်တစ်ခု၊ မြစ်တစ်မြစ်၊ ယဉ်ကျေးမှုတစ်မျိုး၊ ဓလေ့တစ်မျိုးရှိသည်။ “ၛင်းရှုခင်းသာဒေသများမှာ ဆွဲဆောင်မှုရှိသောကြောင့် ကျွန်တော်သည် ယူနန်သို့အလွန်သွားချင်သည်”ဟု ကော်လုံစီကပြောပြသည်။ ကူမင်းမြို့သို့ အမှန်တကယ် ရောက်ရှိလာချိန်တွင် လေယာဉ်ပေါ်မှဆင်းဆင်းချင်း ကူမင်းမြို့၏ သာယာကောင်းမွန်သော ရာသီဥတုကို ကိုယ်တိုင်ခံစားမိလိုက်ရသည်။

ယခုတွင် စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် ကော်လုံစီသည်ယူနန်ပြည်နယ်နေရာအနှံ့သို့ သွားရောက်လည်ပတ်ပြီး ယူနန်၏အလှတရားများကိုခံစားသည်။ ကူမင်းမြို့ ကျင်မာပိကျီဖန်၊ တာကွမ်လုံအဆောက်အဦးမှ ကီလိုမီတာ(၅၀၀)ကျော်ရှိသော တျယ်ချီအင်းကြီးအထိ၊ စီစန်တောင်မှ တုံနန်ပန်းဈေး အထိကော်လုံစီသည် နွေဦးမြို့တော်၏ ယဉ်ကျေးမှုဆွဲဆောင်မှုများနှင့် ထူးခြားသော သဘာဝရှုခင်းသာများကို ခံစားနေမိသည်။ တာ့လီ၊ အော်ဟိုင်ကန်၊ ကြုံစိန်စီဘုရားကျောင်း စေတီသုံးဆူ၊ စွမ်လန်၊ နိုင်ငံခြားဈေး၊ ချမ်းစန်တောင်၊ စသည်တို့သည် ကော်လုံစီကို စွဲလန်းတမ်းတစေပါသည်။ မရောက်ဖူးသော ရှုခင်းသာနေရာသစ်တစ်ခုကို ရောက်တိုင်းရောက်တိုင်းသူ့ကို စိတ်လှုပ်ရှားစေသည်ဟု ကော်လုံစီကပြောပြသည်။

အင်တာဗျူးပြီးဆုံးသည့်အချိန်တွင် ကော်လုံစီက သတင်းထောက်အား ထိုကဲ့သို့ပြောခဲ့သည်။ တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရာသက်ပန် “အိမ်နီးချင်းကောင်း၊ လက်တွဲဖော်ကောင်း” များဖြစ်ပါစေ၊ ပိုမိုများပြားသော ကမ္ဘောဒီးယားကျောင်းသားကျောင်းသူများသည် ယူနန်သို့လာရောက်ပြီး ပညာသင်ကြားခွင့်ရရှိပါစေ၊ ယူနန်၏အလှတရားများကို လာရောက်ခံစားနိုင်ကြပါစေဟု သူကအပြည့်အဝမျှော်လင့်ပါသည်။ တရုတ်နိုင်ငံတွင် ကမ္ဘောဒီးယားဘာသာ သင်ကြားမှုမေဂျာအတန်းများကို ပိုမိုများပြားစွာ ဖွင့်လှစ်နိုင်ပါစေ၊ ကမ္ဘောဒီးယားဘာသာစကား တတ်ကျွမ်းသော ကျောင်းသားကျောင်းသူများစွာကို မွေးထုတ်ပေးနိုင်ကြပါစေ၊ ကမ္ဘောဒီးယားတရုတ်နှစ်နိုင်ငံ၏ကဏ္ဍာမျိုးစုံတွင် ဖလှယ်မှုများလုပ်ဆောင်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ကြပါစေဟု သူကလည်း မျှော်လင့်နေပါသည်။

သတင်းထောက် လျှိုယုံ

ရမ်ဟန်လု–မိုးဦးသစ်တောကြီးထဲတွင် စိတ်ဓာတ်ခိုင်မာသော ဆင်လေ့လာသူ

သစ်တောထဲတွင် သူသည်ဆင်ရိုင်းများနောက်မှပြေးလိုက်ခြင်းကို အမြဲခံရသည်။ ဆင်ခြေထောက်အောက်တွင် သေမလိုအချိန်များစွာကိုလည်း ကြုံခဲ့ဖူးသည်။ သို့သော် အာရှဆင်ကာကွယ်ရေးလုပ်ငန်း စိတ်ဝင်တစား၊ စွဲစွဲမြဲမြဲဆောင်ရွက်သောကြောင့် ယခုအထိသူကလုပ်ငန်းကို လုပ်ဆောင်သည့်အချိန်မှာ အနှစ်(၂၀)ကျော်ကြာသွားပြီ။ ထို့ကြောင့် ယူနန်ပြည်နယ်စစ်ဆောင်ပန်းနား တိုင်တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်မှုပြည်နယ်ခွဲတွင် သူကနာမည်ကျော်ကြားသော ဆင်လေ့လာကျွမ်းကျင်သူ ဖြစ်လာပါသည်။ သူသည် ယူနန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်အုပ်စု စစ်ဆောင်ပန်းနားရွှေဒေါင်းခရီးသွားလာရေးအဖွဲ့ ကုမ္ပဏီလီမိတက်မှ အာရှဆင်လေ့လာဆန်းစစ်ကာကွယ်ခြင်းအသင်းမှ အသင်းခေါင်းဆောင်ရမ်ဟန်လုဖြစ်သည်။

ပူလန်ကျေးရွာတွင် ကြီးပြင်းလာသောရမ်ဟန်လုအတွက်ဆိုလျှင် ဆင်ရိုင်းလေ့လာ ဆန်းစစ်ကာကွယ်ခြင်းလုပ်ငန်းတွင်လိုအပ်သောစွမ်းရည်များ ဥပမာ-သစ်ပင်တက်ခြင်း၊ ရေထဲဖြတ်ကူးခြင်း၊ ဆင်ခြေကို ခြေရာခံနောက်လိုက်ခြင်း စသည့်အတတ်ပညာများသည်သူ့အတွက် မခဲယဉ်းလှပေ။ သို့သော် အဆင့်အတန်းပြည့်မီသော အာရှဆင်ခြေရာခံနောက်လိုက်လေ့လာဆန်းစစ် ကာကွယ်ခြင်းအဖွဲ့ဝင်တစ်ဦးဖြစ်ရန် အဆိုပါတောနက်ကြီးများ အသက်ရှင်စွမ်းရည်များသာ လိုအပ်သည်ကို မဟုတ်ပေ။ ဆင်ခြေရာကိုကြည့်ပြီး ဆင်၏ကိုယ်ထည်အမြင့်၊ အလေးချိန်များကိုမှန်းဆနိုင်ရန် လေ့လာသင်ယူမှုများပြုလုပ်ရမည်။ ၎င်းအပြင် ဆင်၏မစင်ကိုလေ့လာပြီး ဆင်အုပ်စု အရေအတွက်နှင့် စားသောက်မှုလိုက်လံရှာဖွေရေးနယ်ပယ်စသည်တို့ကို ခန့်မှန်းတတ်သည့် အတတ်ပညာများလေ့လာသင်ယူရန် လိုအပ်ပေသည်။

သို့သော်အခက်အခဲကို မကြောက်မလန့်နောက်မဆုတ်သော ရမ်ဟန်လုသည် ထိုကဲ့သို့တွေ့ကြုံရသော အခက်အခဲများကို အသိပညာအတတ်ပညာ လေ့လာသင်ယူနိုင်သော အခွင့်အလမ်းအဖြစ်သာ တွေးထားသည်။ ထို့ကြောင့် သူသည် လုပ်ငန်းချိန်အပြင်အခြားပညာရှင်များအား အာရှဆင်သိပ္ပံဗဟုသုတပညာများကို မေးမြန်းသင်ယူပါသည်။ ဓာတ်ပုံရိုက်ကူးရေးပညာနှင့် အာရှဆင်၏ အလေ့အကျင့်များကို သုတေသနပြုစုသည်။ ၂၀၀၅ခုနှစ်(၇)လ (၇)ရက်နေ့တွင် ဒဏ်ရာခံရခဲ့သော ဆင်ရိုင်း“ရမ်းရမ်း”၊ ၂၀၀၇ခုနှစ်(၁၀)လ (၁)ရက်နေ့တွင် ဒဏ်ရာခံရသောဆင်ရိုင်း “ဖိန်ဖိန်”၊ ၂၀၁၀ခုနှစ်(၂)လ (၉)ရက်နေ့တွင် ဒဏ်ရာခံရခဲ့သောဆင်ရိုင်း “ခွန်လူ”၊ ၂၀၁၂ခုနှစ်(၂)လ (၁၈)ရက်နေ့တွင် ဆင်ရိုင်းမြောင်းထဲပြုတ်ကျခြင်း၊ ၂၀၁၅ခုနှစ် သြဂုတ်လတွင် ဆင်မကြီးမဲ့သော ဆင်ကလေး“ရမ်ညို” ကယ်ဆယ်ရေးစသည့် အရေးကြီးသော အာရှဆင်ကယ်ဆယ်ရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

အာရှဆင်ကိုခြေရာခံနောက်လိုက်ခြင်း၊ အကဲခတ်ခြင်း၊ ကာကွယ်ခြင်းအပြင် လူနှင့်ဆင်ပဋိပက္ခဖြစ်ခြင်းကို ကာကွယ်ပေးခြင်း၊ ခရီးသွားဧည့်သည်တော်များ အားဆင်ရိုင်းတိုက်ခိုက်ခြင်းကို ကာကွယ်ပေးခြင်းသည်လည်း ရမ်ဟန်လုတို့ အသင်း၏ တာဝန်တစ်ရပ်ဖြစ်သည်။

၂၀၁၃ခုနှစ် တရုတ်နှစ်သစ်ကူးနှစ်ဆန်း(၃)ရက်နေ့တွင် ခရီးသွားဧည့်သည်တော်အယောက်(၃၀၀)ကျော်သည် ရှုခင်းသာအတွင်း “ဆင်နတ်သစ်ပင်” အနီးတဝိုက်တွင် လည်ပတ်ကြသည့် အချိန်တွင် ဆင်ရိုင်းတစ်အုပ်သည် လူအများစု ဝေးရာအရပ်ဘက်သို့ အရှိန်ပြင်းစွာ ပြေးလာကြသည်။ အခြေအနေသည် ခရီးသွား ဧည့်သည်တော်များအတွက် အန္တရာယ်အလွန်များနေပါသည်။

ထိုကဲ့သို့အန္တရာယ်များသောအချိန်တွင် အသေးစိတ်တွေးတောသည့် ချိန်မရှိပေ။ ရမ်ဟန်လုသည်အခြေအနေကို တွေ့မြင်ပြီး အချို့အသင်းဝင်များကို ဦးဆောင်ကာ မိမိအသက်အန္တရာယ်ရှိလိမ့်မည်ကိုမတွေးမိဘဲ ဆင်နှင့်(၅)မီတာ အကွာသာရှိသော အန္တရာယ်ဇုန်ထဲသို့ ပြေးဝင်လာသည်။ ဆင်ကျောင်းနည်းများဖြင့် ဆင်များကိုအဝေးသို့ ကျောင်းခဲ့သည်။ တချိန်တည်းတွင် ခရီးသည်များကို လုံခြုံမှုရှိသောအမြင့် တံတားပေါ်သို့ ထွက်ခွာသွားစေသည်။

နောင်အနာဂတ်အကြောင်းကိုပြောမိသည့်အခါတွင် အသားညှိမည်းသော ရမ်ဟန်လုသည် ပြုံးရယ်လာလေသည်။ “နောက်နောင်(၁၀)နှစ်၊ (၂၀)နှစ်၊ တသက်လုံးထိတိုင် အဆိုပါရွှံ့ထဲကျောက်ဆစ်များနှင့်သစ်တောအကြား ဖြတ်သန်းသွားလာရသောလုပ်ငန်းမျိုးကိုသာ စိတ်ထားခိုင်မြဲစွာ လုပ်ဆောင်သွားမည်။ ကျွန်တော်၏ဘဝတသက်လုံးတွင် အာရှဆင်ခြေရာခံနောက်လိုက်ခြင်း၊ လေ့လာအကဲခတ်ခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပါမည်”ဟု သူကပြောဆိုခဲ့သည်။

သတင်းထောက် တိုက်ကျိန်ဟွာ